**ဆွေးနွေးချက်**

ရှေးဦးစွာ ပထမအစည်းအဝေးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး မတတ်ရောက်နိုင်သဖြင့် မြို့နယ်ဆရာဝန်ကြီး က အဖွင့်အမှာစကား ပြောကြားပါသည်။ ဆွေးနွေးသည့် အကြောင်းအရာများအား အောက်ပါအတိုင်း ဆွေးနွေးတင်ပြပါသည် -

အစည်းအဝေးတွင် မြို့နယ်ဆရာဝန်ကြီးမှ (၂၀၁၇ -၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် ကုသရေးဦးစီးဌာန လက်အောက်ရှိ မြို့နယ်ဆေးရုံအတွက် အသစ်ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းအတွက် လုပ်ငန်းများကို ကန်ထရိုက်ခေါ်ယူပြီး ဆောက်လုပ်မည်ဖြစ်ကြောင်း၊ မြို့နယ်ဆေးရုံ၏ ကြီးကြပ်ကော်မတီအဖွဲ့တွင် ရန်ကုန်လျှပ်စစ် ဓါတ်အားပေးရေး ကော်ပိုရေးရှင်းအဖွဲ့မှ မန်နေဂျာအား ထပ်မံထည့်သွင်းပြီး အသစ်ပြန်လည် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ မြို့နယ်ဆေးရုံအတွက် Transformer (၁) လုံးကို EPC နှင့် BQ Estimate ရေးဆွဲပြီး တိုင်းဒေသကြီးမှတစ်ဆင့် ကျန်းမာရေးဦးစီးဌာနသို့ တောင်းခံသွားမည်ဖြစ်ကြောင်း၊ ဆေးရုံလျှောက်လမ်းများကိုလည်း အလှူရငွေဖြင့် လမ်းခင်းပေးသွားဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဆေးရုံကြီးကြပ်ကော်မတီအဖွဲ့ဝင်များမှ ဆေးရုံရှေ့မျက်နှာစာအား ဆေးသုတ်ရန် အကြံပြုပြောကြားခဲ့ရာ မြို့နယ်ဆရာဝန်ကြီးမှာ ဆေးရုံရှေ့မျက်နှာစာအား ဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောတူဆုံးဖြတ်ခဲ့ပါသည်။

မြို့နယ်ဆေးရုံကြီးကြပ်ကော်မတီအဖွဲ့တွင် ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်းအဖွဲ့မှ မန်နေဂျာအား ထည့်သွင်းမည်ကိုလည်း အဖွဲ့မှသဘောတူဆုံးဖြတ်ခဲ့ပါသည်။ ဆက်လက်၍ အဖွဲ့ဝင်များမှ မြို့နယ်ဆရာဝန်ကြီး တင်ပြဆွေးနွေးခဲ့သောအချက်များကို ပြည်စိုးဟိန်း ဆောက်လုပ်ရေးကုမ္ပဏီလီမီတက်အား ဆောက်လုပ်ခွင့်ပေးရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

ထို့နောက် တက်ရောက်လာသူများမှ ဆွေးနွေးရန်မရှိတော့သဖြင့် ညနေ (၃:၀၀) တွင်အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။